mgyoe.com



မြန်မာဘုရင်၏နောက်ဆုံးနန်းတွင်းပန်းချီတော်

# ဆရာချို

ဇာတ်ညွှန်း - ဝေသာ

သရုပ်ဖော် - ကျော်ဖြိုးစံ

အခြေခံမိတ်ဆက်စာစဉ်

အတ္ထုပ္ပတ္တိ

mgyoe.com

mgyoe.com

ကလေးလူငယ်များအတွက်နှင့်
စာဖတ်ကျင့်ရရှိရေး ရည်ရွယ်စီစဉ်သော
အခြေခံမိတ်ဆက်စာစဉ် (အတ္ထုပ္ပတ္တိ)

ISBN9789997116567
BBB5
9 789997 116567
1,000.00KS

mgyoe.com

မြန်မာဘုရင်၏ နောက်ဆုံးနန်းတွင်းပန်းချီတော် ဆရာချုံ၊ ဝေသာနှင့် ပန်းချီကျော်ဖြူစံ
စာမျက်နှာ ၅၂ မျက်နှာ၊ ၁၄ • ၅ စင်တီ × ၂၀ • ၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

အခြေခံမိတ်ဆက်စာစဉ်

# မြန်မာဘုရင်၏
# နောက်ဆုံးနန်းတွင်းပန်းချီတော်
# ဆရာချို

ဝေသာ ဇာတ်ညွှန်းရေး၍
ပန်းချီကျော်ဖြူစံ သရုပ်ဖော်သည်

ပထမအကြိမ်၊ ၂၀၁၉

mgyoe.com

mgyoe.com

- ✱ စာဖတ်တတ်ခါစ ကလေးသူငယ်များ၊ လေ့လာသူ လူငယ် လူရွယ်လေးများ၊ မြန်မာစာ စတင်သင်ယူသူများ... အစ ရှိသဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်သော စိတ်ကူးချိုချို၏ အခြေခံ မိတ်ဆက်စာစဉ်များ ဖြစ်ပါသည်။
- ✱ ဤအစီအစဉ်များတွင် အရုပ်နှင့် အရောင်များသော အစဉ်အလာ မြန်မာပုံပြင်များ၊ ထင်ရှားသော မြန်မာလူမျိုး ပုဂ္ဂိုလ်များ၏ ဘဝထုပ္ပတ်အကျဉ်းများ၊ လေ့လာမှတ်သား ဖွယ် မြန်မာစာပေမိတ်ဆက်များ ပါဝင်ထွက်ရှိသွားမည် ဖြစ်ပါသည်။

mgyoe.com

mgyoe.com



ဆရာချို့နှင့် သားများ


mgyoe.com

mgyoe.com



mgyoe.com

mgyoe.com



## [ ၁ ]

### ၁၉၁၁ ခုနှစ်၊ ရန်ကုန်မြို့

ဘုန်းကြီးလမ်းနှင့် ကျုံးကြီးလမ်းထောင့် နှစ်ထပ်ပျဉ်ထောင်အိမ် လေးခန်းတွဲအောက်ခန်း၌ မိသားတစ်စု အိမ်ငှားအဖြစ် ပြောင်းလာကြသည်။

ငှားရမ်းသူက ခေါင်းတုံးကို ခေါင်းပေါင်းပေါင်းထားသည်။ သူ၏ဇနီးမှာ တောသူမကြီး တစ်ယောက်၏ ပုံစံ။ ထို့အပြင် လူပျိုပေါက်အရွယ် သားနှစ်ယောက်လည်း ပါလာသည်။

ထိုမိသားစု ပြောင်းရွှေ့လာသောနေရာနှင့် မလှမ်းမကမ်း၌ နန်းတော် ရုပ်ရှင်ရုံရှိသည်။ အဆွေတော်ဆံသဆိုင် ရှိသည်။

ထိုခေါင်းတုံးကို ခေါင်းပေါင်း ပေါင်းထားသည့်သူမှာ မြစ်ဝကျွန်းပေါ်တစ်နေရာမှ ရန်ကုန်သို့ ပြောင်းရွှေ့လာခြင်းဖြစ်သည်။

mgyoe.com

mgyoe.com




mgyoe.com

F 2B

သူ့အလုပ်မှာ ပန်းချီလုပ်ငန်းဖြစ်သည်။ တောနယ်များကဲ့သို့ စပ်ပန်းချီ၊ ဘုန်းကြီးပျံပန်းချီ၊ ပြာသာဒ်၊ ရုပ်အလောင်းတော်တို့ ပြင်ဆင်သည့် လုပ်ငန်းမှာ ရန်ကုန်မြို့ကြီး၌ မတွင်ကျယ်။

သားအဖသုံးယောက် စိတ်ပျက်စွာရှိနေစဉ် တစ်နေ့၌ သူတို့နှင့် မလှမ်းမကမ်း ရုပ်ရှင်ရုံမှ အလုပ်တစ်ခု ကမ်းလှမ်းလာလေသည်။

"ကျုပ်တို့ ရုပ်ရှင်ပိုစတာတွေက နိုင်ငံခြားကားတွေပဲ များတယ်။ မင်းသားမင်းသမီးပုံတွေကို အဖြူအမည်း ပုံကြီးချဲ့ရတာလည်း မကောင်းလှဘူး။ ခင်ဗျားက ပန်းချီဆရာဆိုတော့ ပုံတူရောင်စုံလှလှလေးတွေ ရေးပေးပါ"

သို့ဖြင့် အင်္ဂလိပ်၊ တရုတ် ရုပ်ရှင်ကားများမှ ဇာတ်ဝင်ခန်းပုံတူများကို ဆေးရောင်ခြယ်ပြီး ရေးဆွဲပေးရာမှ လက်ရာကောင်းလွန်းသဖြင့် နာမည်ထွက်လာပြီး တခြားရုပ်ရှင်ရုံ ပိုင်ရှင်များ၊ ရုပ်ရှင်ကုမ္ပဏီများက ကြော်ငြာပိုစတာများကို အပ်လာကြသည်။

mgyoe.com

 mgyoe.com 

ထို့အပြင် မြန်မာပြည်၏ ကျားသူဌေး အိန္ဒိယအန်တောင်မှာ ရုပ်ရှင်ပိုစတာတစ်ခုမှ ထိုပန်းချီဆရာဆွဲသော ကျားပုံကို သဘောကျပြီး အလုပ်လာအပ်တော့သည်။

"ကျုပ် တရုတ်ပန်းချီဆရာတွေဆီမှာ ကျားပုံအပ်တယ်၊ လှတယ်၊ ချောတယ်၊ ဆရာ ရေးသလို အသက်မဝင်ဘူး။ မာန်မပါဘူး ဆရာ။ ကျွန်တော့်ကို ကျားပုံတွေ ရေးပေးပါ။ ညာဏ်ပူဇော်ခ ချီးမြှင့်ပါရစေ"



mgyoe.com



ထိုကျားသူဌေးကား မြန်မာပြည်၏ ကျားဘမ်းပရပ်ဆီ သူဌေး အိန်အန်တောင်ပင် ဖြစ်လေသည်။ ချူးချောင်း(ချင်းချောင်း)နန်းတော်ကို ပိုင်ဆိုင်ခဲ့သူပင် ဖြစ်၏။ (ယခု ပန်းချီအနုပညာကျောင်းနေရာ ဖြစ်သည်။)

ထိုကျားသူဌေး၏ လုပ်ငန်းအပ်နှံမှုနှင့် ရုပ်ရှင်ပိုစတာ လုပ်ငန်းများကြောင့် လုပ်ငန်းလည်း အဆင်ပြေလာခဲ့တော့သည်။

mgyoe.com


mgyoe.com
mgyoe.com


mgyoe.com


ထိုပန်းချီဆရာကား မြန်မာဘုရင်သီပေါမင်း နန်းဆက်၏ နောက်ဆုံး နန်းတွင်းတော်ဝင် ပန်းချီတော် ဖြစ်ခဲ့သူ ဆရာချိုပင် ဖြစ်လေတော့သည်။

ထိုအချိန်ကား အင်္ဂလိပ်တို့ အုပ်စိုးသောအချိန် ဖြစ်၏။ လမ်းဘေး၌ ဆိုင်ခန်းလေးဖွင့်ပြီး သားအဖတွေ လုပ်ကိုင်ခဲ့ကြရသည်။

mgyoe.com

 mgyoe.com 



[ ၂ ]

အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲအပြီး ၁၈၆၆ ခုနှစ်၊ ဩဂုတ် ၂ ရက်နေ့ မြင်ကွန်း၊ မြင်းခုံတိုင် သားနှစ်ဦးက ဖခင်မင်းတုန်းမင်းတရားကြီးကို ပုန်ကန်ကြလေသည်။

mgyoe.com

mgyoe.com




ထိုမင်းသားနှစ်ပါးမှာ ဘုရင်ပိုင်သော ရွှေနန်းစကြာသဘော်ဖြင့် ထွက်ပြေးသွားရသည်။ သို့သော်လည်း ထိုနယ်တစ်ဝိုက်ရှိ မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ အင်းဝ အထက်အညာတစ်ဝိုက်မှ ရွာသူရွာသားများမှာ ကြောက်လန့်ပြီး ဟိုပြောင်းဒီရွှေ့ နေကြရသည်။

ထိုမင်းသားနှစ်ပါးနှင့် အဆက်သွယ်များကို ရှာဖွေ၍ ပြစ်ဒဏ်ပေးနေသဖြင့် မိဘနှစ်ပါးမှာ သူတို့နေထိုင်ရာ အင်းဝမှ ချုံတော၊ ယာတောများသို့ အိုးပစ်အိမ်ပစ် စွန့်ခွာ၍ တိမ်းရှောင်ခဲ့ကြရသည်။

mgyoe.com
F_3A

mgyoe.com




ထိုသို့ ရှောင်တိမ်းနေစဉ် သူ့မိခင်က သူ့ကို ကိုယ်လေးလက်ဝန်ရှိနေသဖြင့် ချုံတောအတွင်း၌ပင် မွေးဖွားခဲ့ရသည်။ ထို့ကြောင့် ပထမ မောင်ယာချုံဟု ခေါ်လေသည်။

mgyoe.com

ထို့နောက် မောင်စံချို နောက်ဆုံး မောင်ချိုဟု အမည်ပြောင်းလိုက်သည်။ နောင်တွင် ရွှေနန်းတော်ကြီးအတွင်း ရောက်ရှိပြီး ပန်းချီတော်ဆရာချိုအဖြစ် ထင်ရှားလာလေသည်။



mgyoe.com

mgyoe.com



ထိုသို့ နန်းတွင်းပန်းချီတော်ဘဝ မရောက်မီ ဆရာချုံဘဝမှာ ခက်ခဲကြမ်းတမ်းလွန်းလှပါသည်။

mgyoe.com


mgyoe.com


ငယ်စဉ်က ဘုန်းကြီးကျောင်း၌ ပညာသင်ကြားရသည်။ ပန်းချီဝါသနာပါလှသော ဆရာချိုမှာ ဘုန်းကြီးပုံ၊ ဘတော်ပုံ၊ မယ်တော်ပုံများနှင့် ကြုံကြိုက်သည့်အခါ စပ်လုပ်ငန်းပန်းချီသဘောကို လေ့လာသည်။

ပါဝင်၍ လုပ်ကိုင်ပေးသည်။ ဝါးခွဲ၊ ထင်းခွဲ အောက်ခြေသိမ်းမှ စ၍ အောက်ခံဆေးသုတ်၊ ခြူး၊ ပန်း၊ ကနုတ်တို့ကို သူ့ဆရာက ပုံကြောင်းပေးသည့် အခါ ဆေးဖြည့်ရသည်။



mgyoe.com



mgyoe.com

mgyoe.com

သုံးနှစ်ခန့် လုပ်ပြီးသောအခါ ခြူး၊ ပန်း၊ ကနုတ်တို့အကြောင်း၊ စပ်ပန်းချီအကြောင်းတို့ သိတန်သလောက် သိလာသည်။

ဆရာတော်ဘုန်းကြီးက ပန်းချီဝါသနာကြီးလှသော မောင်ချိုကို နန်းတွင်းပန်းချီတော် ဆရာဦးကြာညွန့်၏သား ဆရာစာ ထံသို့ တပည့်ခံယူရန် ပို့ပေးလေသည်။

ဆရာစာထံမှတစ်ဆင့် ဆရာကြီးဦးကြာညွန့်၏ လက်ရာများကို လေ့လာသင်ယူရသည်။

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

ပုရပိုက်ပန်းချီမျိုးစုံကို တွေ့ရှိရပြီး ထိုပုရပိုက်ပုံတူများကို ပုရပိုက်အနက်တွင် ကဲ့ကူဆံဖြင့် အကြိမ်ကြိမ် ရေးဆွဲရသည်။ လက်ရဲပြီ၊ ပိုင်ပြီဆိုမှ ပုရပိုက်အဖြူ၊ သို့မဟုတ် မိုင်းကိုင်စက္ကူပေါ်၌ စုတ်တံသေးသေးချွန်ချွန်ဖြင့် ကူးယူရေးဆွဲလေ့ကျင့်ရသည်။

နန်းတွင်းသို့ရောက်လာသဖြင့် အပြောအဆို၊ အသုံးအနှုန်းက အစ ပြောင်းလဲသွားသည်။ ထိုအပြင် မျဉ်းပေါင်းစုံ၊ ကနုတ်ပန်းမျိုးစုံအပြင် ရှေးမြန်မာပန်းချီလေးမျိုးဖြစ်သည့် ကနုတ်၊ နာရီ၊ ကပီ၊ ဂဇာတို့ကို အခြေခံပိုင်အောင် လေ့ကျင့်ရသည်။

ထိုခေတ် ထိုအခါက ခြူး၊ ကနုတ်ပန်း၊ အရုပ်ရေးခြယ်တတ်ရုံဖြင့် ပန်းချီဆရာ မဖြစ်သေးပေ။ ကိုယ်တိုင် ဆေးဖော်တတ်ရသည်။ စုတ်တံအမျိုးမျိုးကို လုပ်ကိုင်တတ်ရသေးသည်။

စုတ်တံ အနုအချော လုပ်ရာတွင် အသုံးဝင်သည့် ယုန်နားရွက်မွေး၊ နွားနားရွက်မွေး၊ ရှဉ့်မွေး၊ ခါမွေး၊ ငှက်ကြီးဝန်ပိုမွေးများကို ရှာဖွေစုဆောင်းထားရပြန်သည်။

mgyoe.com